# ကျွန်ုပ်တို့ ဘာကြောင့်မေးသနည်း။

## ၂၀၂၀ သန်းခေါင်စာရင်းသည် လွယ်ကူပါသည်။ မေးခွန်းများမှာ ရိုးရှင်းပါသည်။

သန်းခေါင်စာရင်းမေးခွန်းများအပေါ်တုန့်ပြန်ချက်များသည် တိုင်းပြည်၏မှတ်တမ်းတစ်ခုကို လုပ်ဆောင်ပေးခြင်းဖြစ်သည်။ သန်းခေါင်စာရင်းရလဒ်များသည် အစိုးရရှိသင်၏အသံ၊ သင်၏လူ့အသိုင်းအဝိုင်းတွင် ငွေကြေးထောက်ပံ့မှုမည်မျှရရှိသည်နှင့် သင်၏ လူ့အသိုင်းအဝိုင်းသည်အနာဂတ်အတွက် မည်သို့စီစဉ်သည်တို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိစေသည်။

### သင်သန်းခေါင်စာရင်းအားဖြည့်နေစဉ် သင်ကူညီသည်မှာ

ကွန်ဂရက်လွှတ်တော်တွင် သင်၏ပြည်နယ်ထိုင်ခုံမည်မျှရရှိသည်ကို ဆုံးဖြတ်ပေးခြင်းဖြစ်သည်။

ပြည်နယ်နှင့် လူမှုအသိုင်းအဝိုင်းများသို့ နှစ်စဉ်အမေရိကန်ဒေါ်လာ ၆၇၅ ဘီလီယံထက်ပိုသော ဖယ်ဒရယ်ရယ် ငွေကြေးထောက်ပံ့မှုအား မည်သို့ဖြန့်ဝေသည်ကို အသိပေးခြင်းဖြစ်သည်။

အလုပ်အကိုင်များ၊ အိမ်ရာများပေးခြင်း၊ အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ခြင်းအားဖန်တီးပြီး ကျောင်းများ၊ လမ်းများနှင့် ဆေးရုံများတည်ဆောက် ပေးသည်။

## ၂၀၂၀ သန်းခေါင်စာရင်းတွင် အောက်ပါသတင်းအချက်အလက်များကို မေးပါလိမ့်မည်။

### လိပ်စာတွင်ရှိသောလူဦးရေ

၂၀၂၀၊ ဧပြီ ၁ ရက်၊ သန်းခေါင်စာရင်းနေ့၌ လူတို့၏ လိပ်စာတစ်ခုစီ၌ တိကျသောအရေအတွက်ကိုစုဆောင်းရန် ဤမေးခွန်းကိုကျွန်ုပ်တို့မေးပါသည်။ ဆယ်စုနှစ်တစ်ခုစီတွင် သန်းခေါင်စာရင်းရလဒ်သည် သင်၏ပြည်နယ် ကွန်ဂရက်လွှတ်တော်တွင် ထိုင်ခုံမည်မျှရရှိသည်ကို ဆုံးဖြတ်ပေးသည်။ ပြည်နယ်နှင့် ဒေသဆိုင်ရာ အရာရှိများက ကွန်ဂရက်လွှတ်တော်ခရိုင်များ၊ ပြည်နယ်ဥပဒေပြုခရိုင်များနှင့်ကျောင်းခရိုင်များအတွက် နယ်နိမိတ်ဆွဲရန် သန်းခေါင်စာရင်းကောက်ယူသောအရေအတွက်အား အသုံးပြုကြသည်။

### ထိုနေရာတွင် နေထိုင်ခြင်း သို့မဟုတ် ခေတ္တနေထိုင်ခြင်းရှိသည့်အခြားမည်သူမဆို

ကျွန်ုပ်တို့၏ရည်မှန်းချက်မှာ သန်းခေါင်စာရင်းနေ့တွင် လူများကို သူတို့နေထိုင်သည့်နေရာအလိုက် တစ်ကြိမ်၊ တစ်ခါတည်းသာ မှန်ကန်စွာ ရေတွက်ရန်ဖြစ်သည်။ ဤရည်မှန်းချက်ကိုစိတ်ထဲထား၍ လိပ်စာတစ်ခုတွင်နေထိုင်သူအယောက်စီတိုင်းအား ရေတွက်ခြင်းခံရရန် သေချာစေဖို့ ဤမေးခွန်းကို ကျွန်ုပ်တို့မေးရသည်။

### ပိုင်ရှင်/ ငှါးရမ်းသူ

အိမ်ပိုင်ရှင်နှင့် ငှားရမ်းသူများနှင့်ပတ်သက်သော စာရင်းကိန်းဂဏန်းများ ဖန်တီးရန် အိမ်တစ်လုံးကို ပိုင်ဆိုင်ထားသည် သို့မဟုတ် ငှားရမ်းထားသည် ဟုတ်မဟုတ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မေးမြန်းသည်။ အိမ်ပိုင်ရှင်နှုန်းထားများသည် နိုင်ငံ၏ စီးပွားရေးအညွှန်းပြဒါးတစ်ခုအနေဖြင့်လုပ်ဆောင်ပြီး အိမ်ရာစီမံကိန်းများကိုစီမံခြင်းနှင့် စီမံကိန်းဆုံးဖြတ်ချက်များအားအသိပေးခြင်းတို့တွင် အထောက်အကူပြုပါသည်။

### ဖုန်းနံပါတ်

ကျွန်ုပ်တို့လိုအပ်လာလျှင် သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်တစ်ခုတောင်းရပါသည်။ ကျွန်ုပ်တို့သည် သင်၏နံပါတ်ကို မည်သည့်အခါမျှ ဝေမျှမည်မဟုတ်ပါ။ တရားဝင်သန်းခေါင်စာရင်းဗျူရိုလုပ်ငန်းအတွက် လိုအပ်မှသာ သင့်အားဆက်သွယ်ပါမည်။

**2020CENSUS.GOV**

D-FS-GP-EN-136

Shape your future START HERE >

United States Census 2020

## နာမည်

အိမ်ထောင်စုရှိလူတိုင်းကိုရေတွက်နိုင်ရန် အမည်များကို ကျွန်ုပ်တို့ တောင်းခံသည်။ ၎င်းသည် မျိုးရိုးမှတ်တမ်းများကိုထိန်းသိမ်းရန်လည်း ကျွန်ုပ်တို့အားကူညီသည်။ အိမ်ထောင်စုရှိလူတစ် ဦးချင်းစီ၏အမည်ကို ဖော်ပြခြင်းအားဖြင့် ဖြေဆိုသူတွင် မိသားစုဝင်အားလုံးပါဝင်ရန် အကူအညီ ဖြစ်စေသည်။ အထူးသဖြင့် ကြီးသောအိမ်ထောင်စုတွင်ရှိသော ဖြေဆိုသူသည် မည်သူအားရေတွက်ပြီး မည်သူအားမရေတွက်ရသေးသည်ကို မေ့သွားနိုင်သည်။

## လိင်

အမျိုးသား၊ အမျိုးသမီးနှင့်ပတ်သက်သော ကိန်းဂဏန်းစာရင်းဖန်တီးရန် လူတိုင်း၏လိင်နှင့် ပတ်သက်ပြီးကျွန်ုပ်တို့မေးသည်။ လိင်နှင့်ပတ်သက်သော သန်းခေါင်စာရင်းအချက်အလက်များအား အစိုးရအစီအစဉ်များ စီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းနှင့် အစိုးရက အမျိုးသားနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို မျှမျှတတနှင့် နှိုင်းယှဉ်ညီမျှစွာ ဖြည့်ဆည်းနိုင်သည်ကို သေချာစေရန်အတွက် အစိုးရ၏ အစီအစဉ်များနှင့် မူဝါဒများအား အကဲဖြတ်ရာတွင် အသုံးပြုသည်။ ဤကိန်းဂဏန်းစာရင်းများအား အစိုးရအစီအစဉ်များနှင့် လူ့အသိုင်းအဝိုင်းတွင် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများအတွက်လည်း အသုံးပြုကြသည်။

## အသက်နှင့် မွေးဖွားသည့်ရက်စွဲ

မတူညီသောအသက်အရွယ်အုပ်စုများ၏အရွယ်အစား၊ စရိုက်လက္ခဏာများကိုနားလည်ရန်နှင့် အသက်အုပ်စုအလိုက် အခြားအချက်အလက်များကို တင်ပြရန်အသက်နှင့်ရက်စွဲကိုမေးပါမည်။ ဒေသဆိုင်ရာ၊ ပြည်နယ်၊ လူမျိုးစုနှင့် ဖယ်ဒရယ်အေဂျင်စီများသည် ကလေးများ၊ အလုပ်လုပ်ရန်အသက်ပြည့်သော အရွယ်ရောက်ပြီးသူများ၊ ကလေးမွေးဖွားရန်အသက်ပြည့်သော အမျိုးသမီးများ သို့မဟုတ် သက်ကြီးရွယ်အိုများစသည်ဖြင့်ဖြစ်သော တိကျသည့်အသက်အပိုင်းအခြားအုပ်စုများအတွက် ထောက်ပံ့မှု သို့မဟုတ် ဝန်ဆောင်မှုများပေးသည့် အစိုးရအစီအစဉ်များကို ငွေကြေးထောက်ပံ့ရန် အသက်အချက်အလက်များကိုအသုံးပြုသည်။ ဤကိန်းဂဏန်းစာရင်းများသည် အစိုးရအစီအစဉ်များနှင့် လူ့အသိုင်းအဝိုင်းတွင် ခွဲခြားဆက်ဆံမှုကိုဆန့်ကျင်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများအတွက်လည်း အထောက်အကူဖြစ်စေသည်။

## ဟစ္စပန်းနစ်၊ လာတီနို သို့မဟုတ် စပိန်ဇစ်မြစ်

ဤလူမျိုးစုနှင့်ပတ်သက်သော ကိန်းဂဏန်းစာရင်းဖန်တီးရန်အတွက် ထိုသူသည် ဟစ္စပန်းနစ်၊ လာတီနို သို့မဟုတ် စပိန်ဇစ်မြစ် ဟုတ်မဟုတ် မေးပါသည်။ ဤမေးခွန်းတွင် စုဆောင်းထားသောအချက်အလက်များသည်မဲဆန္ဒပေးပိုင်ခွင့်အက်ဥပဒေ(Voting Rights Act)နှင့်နိုင်ငံသားအခွင့်အရေးအက်ဥပဒေ(Civil Rights Act)စသည့် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးပြဋ္ဌာန်းချက်များကို လိုက်နာမှုရှိမရှိစောင့်ကြည့်ရန် ဖယ်ဒရယ်အေဂျင်စီများက ဤမေးခွန်းတွင် စုဆောင်းထားသော အချက်အလက်များကို လိုအပ်သည်။

## လူမျိုး

ကျွန်ုပ်တို့သည် လူမျိုးစုနှင့်ပတ်သက်သော ကိန်းဂဏန်းစာရင်းဖန်တီးရန်နှင့် ကိန်းဂဏန်းများကို လူမျိုးအုပ်စုအလိုက် တင်ပြရန်လူတစ်ဦး၏ လူမျိုး အကြောင်းကို မေးမြန်းသည်။ ဤမေးခွန်းတွင် စုဆောင်းထားသော အချက်အလက်များသည် မဲဆန္ဒပေးပိုင်ခွင့်အက်ဥပဒေ(Voting Rights Act)နှင့် နိုင်ငံသားအခွင့်အရေးအက်ဥပဒေ(Civil Rights Act) စသည့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးပြဋ္ဌာန်းချက်များကို လိုက်နာမှုရှိမရှိစောင့်ကြည့်ရန် ဖယ်ဒရယ် အေဂျင်စီများက ဤမေးခွန်းတွင် စုဆောင်းထားသော အချက်အလက်များကို လိုအပ်သည်။

## လူတစ်ယောက်သည် အခြားတနေရာတွင် နေထိုင်ခြင်း သို့မဟုတ် ခေတ္တနေထိုင်ခြင်း

ကျွန်ုပ်တို့၏ရည်မှန်းချက်မှာ သန်းခေါင်စာရင်းနေ့တွင် လူများကို သူတို့နေထိုင်သည့်နေရာအလိုက် တစ်ကြိမ်၊ တစ်ခါတည်းသာ မှန်ကန်စွာရေတွက်ရန်ဖြစ်သည်။ ဤရည်မှန်းချက်ကိုစိတ်ထဲထား၍ လိပ်စာတစ်ခုတွင် နေထိုင်သူ အားလုံးရေတွက်ခြင်းတွင်ပါဝင်စေ သေချာစေဖို့ ဤမေးခွန်းကိုကျွန်ုပ်တို့ မေးရသည်။

## တော်စပ်ပုံ

မိသားစုများ၊ အိမ်ထောင်စုများနှင့်အခြားအုပ်စုများနှင့်ပတ်သက်သည့် ခန့်မှန်းတွက်ချက်မှုများပြုလုပ်ရန် အဓိကကျသောသူတစ်ဦးမှာ ထိုအိမ်ထောင်တွင်ရှိသော လူတစ်ဦးစီတိုင်းနှင့် ပတ်သက်ဆက်နွယ်တော်စပ်မှုကို ကျွန်ုပ်တို့မေးမြန်းသည်။ ပတ်သက်ဆက်နွယ်မှုအချက်အလက်များကို အစီအစဉ်ရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတွင်အသုံးပြုသည်။ မိသားစုများ၊ တစ်ဦး တည်းနေထိုင်သူများ သို့မဟုတ် ကလေးများကို တစ်ယောက်တည်း ပြုစုပျိုး ထောင်နေရသူများ၊ မြေးများနှင့်အတူ နေထိုင်နေရသောအဖိုးအဖွားများ သို့မဟုတ် အခြားအကူအညီများအတွက် အရည်အချင်းပြည့်မီသည့် အခြား အိမ်ထောင်စုများအတွက်ထောက်ပံ့ကြေးများ သို့မဟုတ်ဝန်ဆောင်မှုများ

ပိုမိုသောသတင်းအချက်အလက်များကိုရလိုပါက

**2020CENSUS.GOV**

D-FS-GP-EN-136